မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
February 25 , 2025 Volume 87, Number 16

| ၂၅.၂.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၈.၇၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၉၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၄၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၆၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက် ၁၇-၂-၂၀၂၅ မှ ၂၁-၂-၂၀၂၅ ထိ




**နှမ်း**

နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းနက်ကဈေးတက်လာပြီးနှမ်းဖြူကဈေးကျကာ နှမ်းညိုက တော့ ဈေးငြိမ်နေပါတယ်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ နှမ်းဖြူက ဆောင်းနှမ်းအသစ်တွေ ဝင်ရောက်မှုရှိပြီး လုပ်ငန်းသမားအဝယ်သာပုံမှန်ရှိတာကြောင့်ဈေးကျသွားပါတယ်။နှမ်းညိုကတော့ အရောင်း အဝယ်အေးပေမဲ့အသစ်အဝင်နည်းတဲ့အတွက်ဈေးငြိမ်နေတာပါ။နှမ်းနက်(စမုန်)က ဆောင်း နှမ်းအဝင်နည်းသလိုလက်ကျန်နှမ်းလည်းနည်းတာကြောင့် ဈေးတက်ရိပ်ပြလာပါတယ်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ ၄၅ ပိဿာကို ၃၂၀,၀၀၀ကျပ်မှ ၃၃၅,၀၀၀ ကျပ် ပေါက်ဈေးရှိပါတယ်။ နှမ်းညိုက ၃၀၀,၀၀၀ ကျပ် ရှိပါတယ်။ နှမ်းနက်(စမုန်)အက်ဆစ်လွတ် နှမ်းမှာ ၇၃၀,၀၀၀ မှ ၇၃၅,၀၀၀ ကျပ်ဈေးပေါက်ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ဒီတစ်ပတ်မှာပဲတီးစိမ်းဝါးခယ်မတစ်မျိုးသာဈေးတက်လာပြီး ကျန်တဲ့ ခရမ်းရွှေဝါပဲတီစိမ်း၊ ပဲခူးရွှေဝါပဲတီစိမ်းနဲ့ ပဲတီစိမ်း(အညာ)က ဈေးငြိမ်နေပါတယ်။

ပဲတီစိမ်းကဈေးငြိမ်နေပေမဲ့တရုတ်ဝယ်လိုအားရှိတာကြောင့်ဈေးကွက်ကောင်းပြီး အရောင်း အဝယ်လည်း သွက်နေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါနဲ့ ပဲတီစိမ်းပဲခူးရွှေဝါက တစ်ပိ သာ ၅၅၀၀ ကျပ် နဲ့ဈေးငြိမ်နေပြီး ပဲတီစိမ်းအညာကလည်း အရင်အပတ်ကအတိုင်း ၅၁၆၅ ကျပ်မှ ၅၁၈၅ ကျပ်မှာဈေးငြိမ်နေပါတယ်။ ပဲတီစိမ်းဝါးခယ်မကတော့ ၅၂၅၀ မှ ၅၂၇၀ ကျပ် ဈေးပေါက်ပြီး ၁၇၀ ကျပ် တက်လာပါတယ်။ မန္တလေးဈေးကွက်မှာ ပဲတီစိမ်းအညာက ၂၆၀,၀၀၀ မှ ၂၆၅,၀၀၀ ကျပ်ရှိပါတယ်။

**ပဲပုပ်**

**ပဲပုပ်**(မြန်မာ)က ဈေးကျသွားပြီး **ပဲပုပ်**(ရှမ်း)က ဈေးငြိမ်နေပါတယ်။ **ပဲပုပ်**(မြန်မာ)က လက်ရှိမှာ ကုန်စည်ဒိုင်တွေကို ဆောင်းပဲအသစ်တွေ ဝင်ရောက်မှုရှိပြီး လုပ်ငန်းသမားသာ အဝယ်ပုံမှန်ရှိလို့ ဈေးကျရိပ်ပြလာပါတယ်။

**ပဲပုပ်**(ရှမ်း)ကတော့ ဈေးကွက်အတွင်းကို ပဲအသစ်မဝင်သေးခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်း၊ လက်ကျန်နည်းခြင်း ကြောင့် ဈေးငြိမ်နေပါတယ်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ **ပဲပုပ်**(မြန်မာ)က ၂၈၈,၀၀၀ ကျပ်ရှိပြီး၊ **ပဲပုပ်**(ရှမ်း)က ၃၃၀,၀၀၀ ကျပ် ရှိနေပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ ဈေးတန်းအနည်းငယ်တက်ရိပ်ပြလာပြီး အမြင့်ဆုံးတစ်တန်ကို ၂,၉၇၈,၀၀၀ ကျပ်အထိ ရှိလာ ပါတယ်။ မတ်ပဲကို အိန္ဒိယက အဝယ်အေးနေတဲ့အပြင် အခွန်ကင်းလွတ်ခွင့်နဲ့တင်ပို့ခွင့်အပေါ် သက်တမ်းထပ်မတိုးသေးတာ ကြောင့် ဈေးကွက်မတက်ဘဲ အေးနေတာဖြစ်ပါတယ်။ ဈေးအေးနေပေမဲ့ ပဲအသစ်တွေ အရောင်းအဝယ်ကောင်းနေပြီး ပဲအသစ် တွေ ဈေးကွက်ထဲဝင်ရောက်မှုများနေပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တနင်္လာနေ့က မတ်ပဲ (FAQ )တစ်တန်ကို ၂,၉၃၂,၀၀၀ ကျပ်၊ အင်္ဂါနေ့မှာ ၂,၉၃၃,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာ ၂,၉၄၃,၀၀၀ကျပ် ၊ ကြာသပတေးနေ့မှာ ၂,၉၆၅,၀၀၀ ကျပ်၊ သောကြာနေ့မှာ ၂,၉၇၈,၀၀၀ ကျပ် ရှိပါတယ်။ အခုတစ်ပတ်မှာ ၄၀,၀၀၀ ကျော်လောက် အတက်ပြလာပါတယ်။ မန္တလေးဈေးကွက်မှာ မတ်ပဲပိဿာ ၆၀ ကို ၂၆၅,၀၀၀ မှ ၂၇၃,၀၀၀ ကျပ်ရှိပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ ဒီတစ်ပတ်မှာ ဈေးပြန်တက်လာပြီး တစ်တန်ကို ကျပ်သိန်း ၃၀ ကျော်အထိ မြင့်တက်လာပါ တယ်။အိန္ဒိယ နိုင်ငံနယူးဒေလီမြို့မှာ ပြုလုပ်ခဲ့တဲ့ ပဲမျိုးစုံဆွေးနွေးပွဲအပြီးမှာခုလို ပြည်တွင်းပဲစင်းငုံဈေး တစ်တန်ကို ကျပ်သိန်း ၃၀ ကျော် အထိ ပြန်လည်မြင့်တက်လာတာဖြစ်ပါတယ်။လက်ရှိမှာ ဆောင်းပဲစင်းငုံအသစ်တွေလည်းဈေးကွက်ထဲဝင်ရောက်မှုရှိပြီး သိုလှောင်မဲ့သူ တွေနဲ့ ပဲခွဲစက်တွေကအဝယ်ရှိနေတယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတနင်္လာနေ့ပဲစင်းငုံနီတစ်တန်ကို၂၉၇,၀၀၀၀ကျပ်၊အင်္ဂါနေ့ ၃၀၂,၅၀၀၀ ကျပ် ၊ ဗုဒ္ဓဟူးနေ့မှာ ၃၀၃,၀၀၀၀ ကျပ်၊ ကြာသပတေးနေ့က ၃၀၅,၅၀၀၀ကျပ်၊ သောကြာနေ့မှာ ၃၀၆,၈၀၀၀ ကျပ်ရှိတာကြောင့် တစ် ပတ်အတွင်းမှာ ကျပ် ၁ သိန်းလောက်တက်လာပါတယ်။ အရင်အပတ်နဲ့ယှဉ်ရင်တော့ ၁၅၀,၀၀၀ ကျပ်လောက်တက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲစင်းငုံနီ ပိဿာ ၆၀ တစ်အိတ်ကို ၂၈၇,၀၀၀ မှ ၂၈၈,၀၀၀ ကျပ် ရှိနေတယ်လို့ သိရပါတယ်။

**Source: https://htwettoe.com/**

## ပြည်ပမှ တင်သွင်းထားသည့် ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိပြီဖြစ်ကြောင်း ဘိလပ်မြေတင်သွင်းမှုနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများက အသိပေးထုတ်ပြန်ထားသည်။

ယခုအချိန်သည် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်ပြီး နိုင်ငံတစ်ဝှန်းတွင် ဆောက်လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအား အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုထားခြင်းဖြစ်သည်။

ယခုအခါကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့်တင်သွင်းလာသောဘိလပ်မြေတန်ချိန် ၃,၀၀၀ကို တင်ဆောင်လာသည့်ရေယာဉ်သည် ရန်ကုန်မြို့၊ ရွှေပြည်သာမုဒ္ဒမဆိပ်ကမ်းသို့ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၊ နေ့လယ် ၁ နာရီ ၁၅ မိနစ်

အချိန်၌ ရောက်ရှိခဲ့ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်းလိုအပ်သောဘိလပ်မြေကိုတင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင်ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များပါအပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်းသိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးထံက သိရသည်။

ဓနုဖြူမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြီး လက်ရှိထိဒေသထွက် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ကန်စွန်းဥတစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိတောင်သူတွေစိုက်ထားတဲ့ကန်စွန်းဥတွေစတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ ပွဲရုံကိုလဲအဆက်မပြတ်ဝင်ရောက်နေပါတယ်။ အခုလို ကန်စွန်းဥပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ တောင်သူတွေအတွက် အဆင်ပြေလာကြပါတယ်"ဟု သိရသည်။

ဓနုဖြူမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ကန်စွန်းဥအပါအဝင် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ဒေသထွက် ကန်စွန်းဥကို တောင်သူတစ်ဦးလျှင် ကန်စွန်းဥတစ်ကေမှ ငါးကေထိ စိုက်ပျိုးကြပြီး ကန်စွန်းဥ တစ်ကေစိုက်ပျိုးပါကငွေကျပ် ၃၅၀,၀၀၀ ထိကုန်ကျပြီး အကျိုးအမြတ်အနေဖြင့်အပျက်အစီးအလေအလွင့်မရှိပါက တစ်ကေလျှင် ငွေကျပ် ၉၀၀,၀၀၀ ကျော်ထိ ရရှိကြောင်းသိရသည်။

**Source : ရတနာပုံသတင်းစာ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကျဆင်းသော်လည်း ပြင်ပဈေးကွက်တွင် တစ်ပိဿာ ၁၀,၀၀၀ကျပ် အထက်ရှိနေ



အပတ်စဉ်ထုတ်ပြန်ပေးနေသည့် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ကျဆင်းလာသော်လည်း ပြင်ပဈေးကွက်တွင် တစ်ပိဿာ ၁၀,၀၀၀ ကျပ် အထက်တွင်ရှိနေသေးကြောင်းဈေးကွက်အတွင်းမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့်ယခုတစ်ပတ်အတွက် ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းအနေဖြင့်တစ်ပိဿာ ၆၉၀၅ ကျပ်သတ်မှတ်ကြောင်းထုတ်ပြန်ထားသည်။

သို့သော် ပြင်ပဈေးကွက်တွင် တစ်ပိဿာ ၁၀,၀၀၀ ကျပ်အထက်တွင် ရှိနေပြီး ယခင်က သမဝါယမစာအုပ်ဖြင့် တစ်လလျှင် ၂ ပိဿာထုတ်ပေးနေရာမှ ယခုအခါ မိသားစုတစ်စုလျှင် တစ်ပိဿာ သာ ဝယ်ယူလို့ရတော့ကြောင်း သိရသည်။

စားအုန်းဆီဈေးနှုန်းနှင့်ပတ်သက်၍ ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးထားသည်။

**Source: Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီမှာလုပ်ပြီးသိုလှောင်ထားတဲ့ကွမ်းသီးခြောက်တွေပါ။ဇန်နဝါရီလအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ညောင်တုန်းမြို့နယ် ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီနှစ်ကွမ်းသီးခြောက်က ပြည်တွင်းမှာကို ဝယ်ယူမှုများနေပါတယ်။ ရန်ကုန်ဘက်ကလဲ ကုန်အမှာတွေရှိနေပါတယ်" ဟု သိရသည်။

ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့်ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်များ ရောင်းအားကောင်းလာသည့်အတွက် ကွမ်းသီးခြောက်သိုလှောင်သူများ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံ၌ ဆန်ဈေးနှုန်းတိုးမြှင့်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိတ်အားထက်သန်လျက်ရှိ

ထိုင်းနိုင်ငံ၌ ဆန်ဈေးနှုန်းကို မြှင့်တင်ရန်အတွက် လယ်ကွင်းဈေးကွက်ပြပွဲများ၊ ပို့ကုန်ချဲ့ထွင်ခြင်းနှင့် ကော်မတီခွဲအတွက် ကြိုတင်ဆောင်ရွက်ခြင်းကဲ့သို့သော အစီအမံ ၇ ခုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မူလပထမ ဆန်ဈေးနှုန်းကျဆင်းရခြင်းမှာ အိန္ဒိယ၏ ပို့ကုန်ပြန်လည်ခွင့်ပြုခဲ့ခြင်းနှင့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့၏ ဝယ်လိုအားကျဆင်းလာခဲ့ခြင်းစသည့် ပြင်ပအခြေအနေများကြောင့် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ်ပြန်ထားချက်အရ Hom mali ဈေးသည် ၁ တန်လျှင်ဘတ် ၁၅,၅၀၀ မှ၁၆,၅၀၀ကြားဖြစ်ပြီး ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါကြောင်း၊ပသူသနီဈေးသည် ၁ တန်လျှင်ဘတ် ၁၁,၅၀၀ မှ ၁၂,၇၀၀ ကြားဖြစ်သဖြင့်၁၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါကြောင်း၊ ကောက်ညှင်းမဟုတ်သော ဆန်ဈေးသည် ၁ တန်လျှင် ဘတ် ၈,၃၀၀ မှ ၈,၉၀၀ ကြားဖြစ်သဖြင့် ၃၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ စပါးဈေးကျဆင်းခဲ့မှုကိုဖြေရှင်းရန် အရေးကြီးအစီအမံများဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

တောင်သူများ ဈေးနှုန်းကျဆင်းမှု သက်ရောက်မှုအတွက် အထောက်အပံ့ပေးသည့် အစီအမံများအပေါ် ဦးစားပေးဆောင်ရွက်ရန်နိုင်ငံအဆင့်ဆန်မူဝါဒနှင့်ဈေးကွက်ရှာဖွေရေးစီမံခန့်ခွဲမှုကော်မတီခွဲကိုဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊တောင်သူများဈေးနှုန်းမြင့်မြင့်ဖြင့်ရောင်းချနိုင်ရေးအတွက် ကျောက်ဖယားမြစ်ကြောင်းတစ်လျှောက် ပြည်နယ် ၂၀ တွင် ဆန်ဈေးကွက်ပြပွဲများ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ ပြပွဲများကြောင့် ၁ တန်လျှင် ဘတ် ၁၀၀ မှ ၂၀၀ ကြား ဈေးနှုန်းမြင့်တက်ခဲ့ပါကြောင်း၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြပွဲကို အယုဒ္ဓယ တွင် ကျင်းပခဲ့ပြီး ဧပြီလတွင်လည်း ဆက်လက်ကျင်းပသွားရန်ရှိပါကြောင်း၊ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ဝန်ကြီးသည်မတ်လအတွင်း တောင်အာဖရိကသို့ခရီးစဉ်သွားရောက်ရန် စီစဉ်ထားပြီး ဆန်တန်ချိန် ၃၀၀,၀၀၀ တင်ပို့နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားရန် ရှိကြောင်း သိရသည်။


တန်ချိန် ၂၈၀,၀၀၀ တင်ပို့နိုင်ရန် တရုတ်နိုင်ငံနှင့်လည်း အစိုးရအချင်းချင်း လက်မှတ်ရေးထိုးရန် မျှော်မှန်းထားပါကြောင်း၊ ဆန်လုပ်ငန်းရှင်များသို့ အထူးချေးငွေအထောက်အပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထိုင်းပို့ကုန်သွင်းကုန်ဘဏ်နှင့် ပူးပေါင်း ၍

တောင်သူများထံမှ ဆန်များပိုမိုဝယ်ယူသိုလှောင်ထားနိုင်ရေးအတွက် လုပ်ငန်းများနှင့်ဆန်တင်ပို့သူများကို ချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဈေးကွက်ချဲ့ထွင်မှုအနေဖြင့် ဝန်ကြီးဌာနသည် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဖိလစ်ပိုင်တို့တွင် အခွင့်အလမ်းသစ်များရှာဖွေမည်ဖြစ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ထိုင်းဆန်အပေါ် ယုံကြည်မှုခိုင်မာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး Mr. Pichai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## AI သည် အင်ဒိုနီးရှား၏ဒစ်ဂျစ်တယ်စီးပွားရေးကြီးထွားမှုကို မောင်းနှင်နိုင်ကြောင်း တာဝန်ရှိသူပြောကြား




AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အင်ဒိုနီးရှား၏ ဒစ်ဂျစ်တယ်စီးပွားရေးကြီးထွားမှုအတွက် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ကြောင်း ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Nezar Patria က ပြောကြားခဲ့သည်။

Patria က Ai သည် ၂၀၃၀ ခုနှစ်တွင် နိုင်ငံ၏ GDP ကို အမေရိကန်ဒေါ်လာ ၃၆၆ ဘီလီယံထိ ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ရကြောင်းနှင့်ထိုကြီးထွားမှုသည်ရောင်းချခြင်းလုပ်ငန်းနယ်ပယ်၊ ဂိမ်းဆော့ခြင်းနှင့်ပညာရေးကဏ္ဍတို့၏မောင်းနှင်အားကြောင့်ဖြစ်ကြောင်း ၂၁.၂ ၂၀၂၅ ရက်နေ့က ကျင်းပခဲ့ သည့် Tech & Telco Summit 2025 တွင် ပြောကြားခဲ့သည်။


၂၀၂၄ ခုနှစ်အာရှစီးပွားရေးအပေါ် Google ကသုတေသန ပြုလုပ်သဘောထားကောက်ခံချက်အရထိုလုပ်ငန်းသုံးခုသည် AI နည်းပညာအပေါ်စိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

၆၉ ရာခိုင်နှုန်းသောအဖွဲ့အစည်းများနှင့်ကုမ္ပဏီများကငင်းတို့သည် AI နည်းပညာတွင်ကျွမ်းကျင်မှုရှိသောသူများသာ ငှားရမ်းတော့ကြောင်း ဖော်ပြခဲ့သည်ဟု သိရသည်။ Patria က ထို့ကြောင့် အစိုးရသည် နိုင်ငံတော် AI ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာနှင့် အသိပညာလွှဲပြောင်းရယူနိုင်ရန် နည်းပညာကုမ္ပဏီကြီးများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ထို့ပြင် Patria ကအင်ဒိုနီးရှား၏ AI ဂေဟစနစ်တွင်ပါဝင်သူများနှင့်ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာမိတ်ဖက်များကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်း၏ အရေးပါမှု ကို အသားပေးပြောကြားခဲ့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဘီလာရုစ်သည် ၂၀၂၄ ခုနှစ်တွင် နို့ထွက်ပစ္စည်း တန်ချိန် ၆ သန်း တင်ပို့နိုင်ခဲ့



ဘီလာရုစ်သည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံပေါင်း ၆၉ နိုင်ငံသို့ နို့နှင့်နို့ထွက်ပစ္စည်းတန်ချိန် ၆ သန်းကို တင်ပို့ခဲ့ကြောင်း ဘီလာရုစ် ပထမစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဝန်ကြီး Alexander Lomsky က Minsk ၌ ကျင်းပသော Dairy Farm Forum တွင် ပြောကြားခဲ့သည်။

နို့ထွက်ပစ္စည်း တင်ပို့မှုတိုးတက်မှုနှုန်းသည် ပမာဏအားဖြင့် ၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးလာပြီး ၂၀၂၄ ခုနှစ်တွင် တန်ဖိုးအားဖြင့် ၁၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်ဟု တာဝန်ရှိသူက ဆိုသည်။

စုစုပေါင်းစားသောက်ကုန်တင်ပို့မှုတွင် နို့ထွက်ပစ္စည်း ရှယ်ယာ ၄၀ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ Lomsky က ဘီလာရုစ်သည် ကမ္ဘာပေါ်တွင်နို့ထွက်ပစ္စည်းတင်ပို့သည့် ထိပ်တန်းနိုင်ငံများထဲတွင်ပါဝင်နေဆဲ ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယား၊ မက္ကဆီကို၊ ကူဝိတ်၊ နိုင်ဂျီးရီးယား၊ ကင်ညာနှင့်အခြားနိုင်ငံများသည် ဘီလာရုစ်မှ နို့ထွက်ပစ္စည်းများအတွက် ၎င်းတို့၏ ဈေးကွက်များကို ဖွင့်လှစ်ထားသည်။ ဘီလာရုစ်နိုင်ငံမှ ထုတ်လုပ်သူများသည် ဈေးကွက်အသစ်များ ဖွံ့ဖြိုးတိုးတက်ရန်သာမက ထုတ်ကုန်အကွာအဝေးကို ကွဲပြားစေရန်လည်း ကြိုးပမ်းခဲ့ကြောင်း တာဝန်ရှိသူကအလေးပေးပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (25.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,638 (Shares) | 6,478,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 156 | 1,159,900 | 33,109,694 | 248,323 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 379 | 1,136,250 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 23 | 42,350 | 29,664,613 | 54,880 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,850 | 2,950 | 2,850 | 7 | 20,050 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,639 | 2,627,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,900 | 111 | 438,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 322 | 1,046,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.59 | +2.75 | +0.75% | 363.01 | 367.59 | 362.82 | 2,638 | 6,478,300 | 8 | 693,346 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 24th Feb, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,705 (Shares) | 22,008,150 (MMK) |

| MYANPIX | 363.93 ▼ 3.66 |
|---|---|
| Total Volume (shares) | 7,705 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,448 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR